# Digital Dreamers ကိရိယာ အသုံးပြုသူ သဘောတူညီချက် SY23-24

DeKalb ကောင်တီ ကျောင်းခရိုင်အနေနှင့် ပညာရေးနှစ် (SY 2023-2024) တွင် အသုံးပြုရန်အတွက်ဌာ ဂရိတ် Pre-K - 12တန်း ကျောင်းသားများအတွက် Chromebook အား ပေးအပ်သွားမည် ဖြစ်သည်။ Chromebook များသည် DCSD (DeKalb ကောင်တီကျောင်းခရိုင်) ၏ ပိုင်ဆိုင်မှုအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ပြီး၊ ခရိုင်မှ ထွက်ခွာသည့်အခါတွင်၊ နှင့်/သို့မဟုတ် တစ်နှစ်တာအဆုံးသတ် ပစ္စည်းပြန်လည်စုဆောင်းကောက်ခံမှု လုပ်ငန်းစဉ်အခါတွင် ပြန်လည်ပေးအပ်ရမည် ဖြစ်သည်။

Chromebook များကို သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ မိဘများနှင့် ကျောင်းသားများသည် အောက်ပါ ညွှန်ကြားချက်များနှင့် ကျောင်း၊ စာသင်ခန်းနှင့် ခရိုင်ကျောင်း၏ မူဝါဒများ၊ လုပ်ငန်းစဉ်များကို သေချာစွာ ဖတ်ရှု၊ လက်မှတ်ထိုးပြီး လိုက်နာရမည်ဖြစ်သည်။

ဆက်သွယ်ရန်ပုဂ္ဂိုလ်- သင့်တွင် မေးမြန်းစရာများနှင့် စိုးရိမ်ပူပန်မှုများရှိပါက သင်၏ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ထံ ဆက်သွယ်ပါ။

## Chromebook သဘောတူညီချက်

စက်ပစ္စည်းကို လက်ခံရယူခြင်း

စက်ပစ္စည်းကို မထုတ်ပေးမီ မိဘများနှင့် ကျောင်းသားများသည် ဤသဘောတူညီချက်ကို လက်မှတ်ထိုးပြီး ပြန်ပေးရပါမည်။

စက်ပစ္စည်းကို ပြန်လည်အပ်နှံခြင်း

စာသင်နှစ် ကုန်ဆုံးချိန်တွင် စက်ပစ္စည်းကို ကျောင်းသို့ ပြန်လည်အပ်နှံရမည်။ DCSD မှပေးအပ်ထားသည့် စက်ပစ္စည်းများကို သုံးစွဲခွင့်အား မည်သူ့ကိုမျှ လွှဲပြောင်းပေးပိုင်ခွင့် မရှိဘဲ ကျောင်းတွင် ဆက်လက်အပ်နှံခြင်း မရှိတော့ပါက သုံးစွဲခွင့် ပျက်ပြယ်မည်ဖြစ်သည်။

အကြောင်းရင်းတစ်ခုခုကြောင့် ကျောင်းပြောင်းသွားသော၊ ကျောင်းထွက်သွားသော၊ ကျောင်းမှ ထုတ်ပယ်ခံရသော သို့မဟုတ် ကျောင်းအပ်နှံရန် စာရင်းသွင်းခြင်းကို ရပ်စဲလိုက်သော ကျောင်းသားများသည် ကျောင်းမှထွက်သည့်နေ့/ကျောင်းအပ်နှံရန် စာရင်းသွင်းမှုကို ရပ်စဲလိုက်သည့်နေ့တွင် ၎င်းတို့၏စက်ပစ္စည်းကို ပြန်အပ်နှံရပါမည်။

ကိရိယာအား ပြန်လည်ပေးအပ်ရန်ပျက်ကွက်သော မည်သည့်ကျောင်းသားမဆိုသည် ကိရိယာ ပြန်လည်အစားထိုးစရိတ် အပြည့်အဝအပြင် $454.23 အထိ တန်ဖိုးရှိသည့် တွဲဖက်ပစ္စည်းမှန်သမျှအတွက် ပေးချေရန် တာဝန်ရှိပေမည်။

ပျက်စီးမှုနှင့် ဆုံးရှုံးမှု-

စက်ပစ္စည်းကို ကျောင်းသားအား ထုတ်ပေးထားချိန်အတွင်း တမင်သက်သက်ဖြစ်စေ၊ ပေါ့ဆမှုကြောင့်ဖြစ်စေ ပျက်စီး၊ ပျောက်ဆုံး သို့မဟုတ် ခိုးယူခံရပါက ကျောင်းသားနှင့် ကျောင်းသားမိဘ/ အုပ်ထိန်းသူသည် ဤစာရွက်စာတမ်းတွင် သတ်မှတ်ဖော်ပြထားသည့် ဒဏ်ကြေးများကို ပေးချေရန် တာဝန်ရှိပါမည်။

ပေါ့ဆမှု

အကယ်၍ တူညီသော ကျောင်းပညာသင်နှစ်အတွင်း ကိရိယာတစ်ခုသည် အကြိမ်ပေါင်းများစွာ ပျက်စီးထိခိုက်ခဲ့လျှင် Chromebook ပြန်လည်အစားထိုးစရိတ်အပြည့်အဝအတွက် $454.23 အထိ အပါအဝင် အရေးယူဆောင်ရွက်မှုအစီအစဉ်အား ခရိုင်စီမံအုပ်ချုပ်ရေးမှ သတ်မှတ်ဆုံးဖြတ်သွားမည် ဖြစ်သည်။

စက်ပစ္စည်းကို တာဝန်ယူမှုရှိစွာ သုံးစွဲခြင်း

ခရိုင်ရုံးမှ ထုတ်ပေးထားသည့် စက်ပစ္စည်းများကို သုံးစွဲသူအားလုံးသည် ခရိုင်ရုံး မူဝါဒနှင့် *IFBGAအသုံးပြုပုံ လမ်းညွှန်ချက်များတွင် အကြမ်းဖျင်းဖော်ပြထားသည့် သုံးစွဲသူအပေါ် မျှော်လင့်ထားသည့်အရာများကို လိုက်နာရပါမည်- လုပ်ငန်းကွန်ရက်ကို တာဝန်ယူ သုံးစွဲမှု၊ JD- ကျောင်းသားများ လိုက်နာရမည့် စည်းကမ်းချက်/ကျင့်ဝတ် စည်းကမ်းများနှင့် JS- ကျောင်းသားများပေးဆောင်ရမည့် ဒဏ်ကြေးများ၊ အခကြေးငွေများနှင့် အဖိုးအခများ။* ဤမျှော်လင့်ချက်များကို လိုက်နာရန် ပျက်ကွက်ပါက ကျောင်းသားသည် စည်းကမ်းပိုင်းနှင့် သက်ဆိုင်သော ပြစ်ဒဏ်များကို ခံယူရနိုင်ပါသည်။ ခရိုင် မူဝါဒများ အားလုံးအား www.dekalbschoolsga.orgတွင် တွေ့ ရှိနိုင်ပါသည်။

ကျောင်းဝင်းပြင်ပတွင် ရှိနေစဉ် ကျောင်းသား၏ စက်ပစ္စည်းသုံးစွဲမှုကို စောင့်ကြည့်စစ်ဆေးရန် မိဘများ/ အုပ်ထိန်းသူများတွင် အပြည့်အဝ တာဝန်ရှိပါသည်။ ကျောင်းသားများသည် စက်ပစ္စည်းအသုံးပြု၍ မသင့်လျော်သော အပြုအမူများကို ပြသခြင်း သို့မဟုတ် မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို တားမြစ်ထားသည့် အကြောင်းအရာများကို ဝင်ရောက်ကြည့်ရှုခြင်း ပြုလုပ်၍ မရနိုင်ပါ။ ကျောင်းဝင်းအတွင်းတွင်ဖြစ်စေ ကျောင်းပြင်ပတွင်ဖြစ်စေ ကျောင်းသားများသည် စက်ပစ္စည်းအား မသင့်လျော်သည့် သုံးစွဲနည်းများဖြင့် သုံးစွဲပါက စည်းကမ်းပိုင်းနှင့် သက်ဆိုင်သော ပြစ်ဒဏ်များကို ခံယူရနိုင်ပါသည်။

ကိုယ်ရေးကိုယ်တာလုံခြုံမှု

DeKalb County School District

Digital Dreamers

ခရိုင်မှ ထုတ်ပေးထားသည့် စက်ပစ္စည်းများကို DCSD မှသာ ပိုင်ဆိုင်သည်။ သို့ဖြစ်သောကြောင့် ယင်းစက်ပေါ်တွင် သင်လုပ်ဆောင်သမျှကို သင့်ကိုယ်ရေးကိုယ်တာကိစ္စဟု မှတ်ယူခြင်း မရှိစေရ။ DCSD ဝန်ထမ်းများသည် မည်သည့်အချိန်မဆို ခရိုင်မှထုတ်ပေးထားသည့် လျှပ်စစ်ပစ္စည်းများကို ရှာဖွေသိမ်းဆည်းနိုင်သည်။ ခိုးယူခံရပါက သို့မဟုတ် ပျောက်ဆုံးပါက Chromebook ကို ပိတ်သိမ်းမည်ဖြစ်သည်။

DeKalb ကောင်တီကျောင်းခရိုင်သည် ကလေးများ၏ အွန်လိုင်း ပုဂ္ဂိုလ်ရေးစောင့်ထိန်းမှု ကာကွယ်ရေးအတ်ဥပဒေ (COPPA)၊ ကလေးများ၏ အင်တာနက် ကာကွယ်ရေး အတ်ဥပဒေ (CIPA) နှင့် မိသားစု ပညာရေး အခွင့်အရေးများနှင့် ပုဂ္ဂိုလ်ရေးစောင့်ထိန်းမှုဆိုင်ရာ အတ်ဥပဒေ (FERPA) အစရှိသည်တို့၏ ရှုထောင့်အမြင်များ အားလုံးကို အသိအမှတ်ပြုပါသည်။

DeKalb ကောင်တီ ခရိုင်ကျောင်းရုံးသည် ကျောင်းသားများ၏ အိမ်ရှိ ကွန်ရက်များ၊ စက်ပစ္စည်းများ သို့မဟုတ် အင်တာနက် ချိတ်ဆက်မှုကို စောင့်ကြည့်စစ်ဆေးခြင်းမရှိပါ။ သို့သော် ခရိုင်သည် ခရိုင်မှထုတ်ပေးထားသည့် စက်ပစ္စည်းများကိုမူ စောင့်ကြည့်စစ်ဆေးပါသည်။ ထို့ပြင် DCSD သည် ခရိုင်မှ ထုတ်ပေးထားသည့် ပစ္စည်းများ ပျောက်ဆုံးပါက သို့မဟုတ် ခိုးယူခံရပါက စက်ပစ္စည်း၏ တည်နေရာကို ခြေရာခံနိုင်ပါသည်။

အပလီကေးရှင်းများ

DeKalb ကောင်တီကျောင်းများသည် စက်တစ်ခုချင်းစီတွင် ကြိုတင် ထည့်သွင်းထားမည့် အဓိက အပလီကေးရှင်းများကို လေ့လာဆန်းစစ်ပြီးဖြစ်ပါသည်။ တစ်နှစ်ပတ်လုံးတွင် သင်ကြားရေးကို ပံ့ပိုးပေးရန် နောက်ထပ် အပလီကေးရှင်းများကို ထည့်နိုင်ပါသည်။ DeKalb ကောင်တီခရိုင်ကျောင်းများမှ တာဝန်ယူကာ အပလီကေးရှင်းများကို ဝယ်ယူထည့်သွင်းပေးခြင်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

<u>ခွင့်ပြုချက်ရထားသော ကျောင်းအမှုဆောင်အရာရှိမှလွဲ၍ အခြားမည်သူကမျှ ခရိုင်ရုံးမှ ထုတ်ဝေထားသည့် စက်ပစ္စည်းရှိ အပလီကေးရှင်းများကို ထည့်နိုင်မည် မဟုတ်ပါ သို့မဟုတ် ဖျက်ပစ်နိုင်မည် မဟုတ်ပါ။</u> စက်ပစ္စည်းများကို "Jailbreak လုပ်ခြင်း" နှင့် စက်ပစ္စည်းများကို ဟက်လုပ်ခြင်းကို ခွင့်မပြုပါ။

စက်ပစ္စည်း ပျက်စီးမှု၊ ပျောက်ဆုံးမှု သို့မဟုတ် ခိုးယူခံရမှုအတွက် ဒဏ်ကြေးများ

မည်သည့်အကြောင်းကြောင့်မဆို သိလျက်နှင့်ဖြစ်စေ၊ ပေါ့လျော့၍ဖြစ်စေ မိမိအား ထုတ်ပေးထားသော စက်ပစ္စည်း သို့မဟုတ် တွဲဖက်ပစ္စည်း ပျောက်ဆုံးပါက သို့မဟုတ် ခိုးယူခံရပါက ကျောင်းသားနှင့် မိဘ/အုပ်ထိန်းသူများမှ အောက်ပါ ဒဏ်ကြေးများ ပေးလျော်ရမည်။

Chromebook/Chromebook ကိရိယာများအတွက် တွဲဖက်ပစ္စည်း ပြန်လည်အစားထိုးမှု

| | |
|---|---|
| ပျောက်ဆုံး/ခိုးယူခံရ/ပြင်မရအောင် ပျက်စီး | • $454.23 |
| ထိခိုက်ထားသည်- ပြန်လည်ပြုပြင်နိုင်သည် | • ပျက်စီးသွားသော စက်ပစ္စည်းများအတွက် အကယ်၍ ကျောင်းတွင်ပင် ပြင်ဆင်ရန် ရနိုင်ချေရှိမရှိကို DCSD အဖွဲ့မှစစ်ဆေးဆုံးဖြတ်ပါမည်။ အကယ်၍ ပြင်မရအောင် ပျက်စီးပါက အပြီးအစီး အစားထိုး လဲလှယ်ခ ပေးရပါမည်။ အပေါ်တွင်ကြည့်ပါ။ |
| တွဲဖက်ပစ္စည်းများသာ | • Acer Spin511, 311 & 712 ပါဝါ အဒက်ပ်တာ $41.00<br>• Acer Chrome Tab 10 ပါဝါ အဒက်ပ်တာ $41.00<br>• Chromebook Gum Drop Case အဖုံး $15.42 |

**စက်ပစ္စည်းများအတွက် အပြည့်အဝ အစားထိုး ပေးလျော်မှု ကုန်ကျစရိတ်တွင် စက်ပစ္စည်း၊ ဆက်စပ်ပစ္စည်း အားလုံး၊ ဆော့ဖ်ဝဲ လိုင်စင်နှင့် တပ်ဆင်မှုတို့ ပါဝင်ပါသည်။*

ခိုးယူခံရမှု-

ကျောင်းသားထံ ထုတ်ပေးထားပြီးနောက်တွင် ခိုးယူခံရပါက ကျောင်းသားနှင့် မိဘ/အုပ်ထိန်းသူသည် အောက်ပါအတိုင်း တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။

- ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကို အသိပေးခြင်း
- ရဲစခန်းတွင် တိုင်ချက်ဖွင့်ခြင်း
- အပြီးအစီး အစားထိုး လဲလှယ်ခ ပေးလျော်ခြင်း

ကျောင်းပြောင်းပါက/ကျောင်းထွက်ပါက စက်ပစ္စည်း သို့မဟုတ် တွဲဖက်ပစ္စည်းအား ပြန်လည်အပ်နှံရန် ပျက်ကွက်ပါက -

ကျောင်းပြောင်း သို့မဟုတ် ထွက်ခွာသွားပြီး၊ ကိရိယာ သို့မဟုတ် တွဲဖက်ပစ္စည်း မှန်သမျှအား ပြန်လည်ပေးအပ်ရန် ပျက်ကွက်ခဲ့သော ကျောင်းသားတစ်ဦးသည် Chromebook နှင့် Gum Drop ကေ့စ်အဖုံးတို့အတွက် $454.23 အထိ (ပြန်လည်အစားထိုးစရိတ် အပြည့်အဝ) အား ပေးချေရန် တာဝန်ရှိမည် ဖြစ်သည်။

## <u>မိဘ ခွင့်ပြုချက်နှင့် သဘောတူညီချက်</u>

အောက်ပါ သဘောတူညီချက်ကို လက်မှတ်ထိုးခြင်းဖြင့် သင်သည် ဤစာပါ လမ်းညွှန်ချက်များကို ဖတ်ရှုနားလည်ပြီးဖြစ်ပြီး သင့်ကျောင်းသားအတွက် စက်ပစ္စည်းထုတ်ပေးခြင်းကို လက်ခံသည်ဟု အဓိပ္ပါယ်သက်ရောက်သည်။ Chromebooks များသည် DCSD ပိုင် ပစ္စည်းများဖြစ်ပြီး ခရိုင်ကျောင်းမှ နုတ်ထွက်ချိန် နှင့်/သို့မဟုတ် စာသင်နှစ်ကုန်ဆုံးချိန် ကျောင်းမှပြန်လည်သိမ်းယူတောင်းခံချိန်တွင် ပြန်လည်အပ်နှံရမည်ဖြစ်သည်။ ကျောင်းသား လက်ဝယ်တွင် စက်ပစ္စည်းရှိချိန်တွင် စက်နှင့် တွဲဖက်ပစ္စည်းများ ထိခိုက်ခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်းများအတွက် ကျောင်းသားတွင် တာဝန်ရှိပြီး ဤစာတွင် ဖော်ပြထားသည့် ဒဏ်ကြေးများအတိုင်း ပေးဆောင်ရမည်ကို နားလည်သဘောတူသည်။

ကျောင်းဝင်းပြင်ပတွင် ရှိနေစဉ် ကျောင်းသား၏ စက်ပစ္စည်း သုံးစွဲမှုနှင့် ကြိုးမဲ့ကွန်ရက်မှတစ်ဆင့် ဝင်ရောက် သုံးစွဲနိုင်သော အကြောင်းအရာများကို စောင့်ကြည့်စစ်ဆေးရန် သင့်တွင် အပြည့်အဝ တာဝန်ရှိကြောင်း နားလည်၍ သဘောတူပါသည်။ ကျောင်းသားများသည် ကျောင်းဝင်းထဲတွင်ဖြစ်စေ၊ ကျောင်းဝင်းပြင်ပတွင်ဖြစ်စေ မသင့်လျော်သော သို့မဟုတ် တားမြစ်ထားသော လုပ်ဆောင်ချက်များအတွက် စက်ပစ္စည်းများကို အသုံးပြုပါက စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခံရမည်ဖြစ်ကြောင်း သင်နားလည်ပါသည်။

ရည်ရွယ်၍ဖြစ်စေ မရည်ရွယ်၍ဖြစ်စေ မှားယွင်းစွာ အသုံးချမိမှုကြောင့်၊ ပျက်စီးအောင် ဆောင်ရွက်မှုကြောင့်၊ ပြုပြင်ပြောင်းလဲမှုကြောင့်၊ ဟက်ခ်ခံရသောကြောင့် သို့မဟုတ် ဝက်ဘ်ဆိုက်တွင် မိမိအမှတ်အသားကို ဖောက်ထွင်းဝင်ရောက်ကာ ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သည့် ထိခိုက်မှုများကို Dekalb County ခရိုင်ကျောင်းမှ တာဝန်ယူမည် မဟုတ်ကြောင်း သင်နှင့် သင့် ကျောင်းသားမှ သဘောတူသည်။ Dekalb County ခရိုင်ကျောင်း၏ အင်တာနက်သုံးစွဲမှုဆိုင်ရာ သဘောတူညီချက်ကို မလိုက်နာသည့် ကျောင်းသားများအနေဖြင့် ကျောင်းမှချမှတ်ထားသည့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်းကို ခံရနိုင်ပါသည်။ ကျောင်းသားအနေဖြင့် စည်းကမ်းချိုးဖောက်ပါက ဝင်ရောက်သုံးစွဲခွင့်များ ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်းအပြင် သင့်လျော်သော စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုကိုလည်း ခံရနိုင်ပါသည်။

မိဘ/အုပ်ထိန်းသူ အမည်

(အပြည့်အစုံဖော်ပြပါ)- ______________________________

မိဘ/အုပ်ထိန်းသူ လက်မှတ်- ______________________________ ရက်စွဲ - ____________

## ကျောင်းသား သဘောတူညီချက်နှင့် လက်မှတ်

1. ကျောင်းမှထုတ်ပေးထားသည့် စက်ပစ္စည်းများကို သေချာစွာ ဂရုစိုက်ပါမည်။
    a. ထိခိုက်ပျက်စီးမှု မဖြစ်စေရန် ချိတ်ဆက်သည့် ကြိုးများကို စက်ထဲသို့ ဂရုတစိုက် ထည့်သွင်းရပါမည်။
    b. သော့ခတ်မထားသော ဗီရိုငယ်၊ သော့ခတ်မထားသော ကား သို့မဟုတ် အခြားအစောင့်အကြပ်မရှိသော ဧရိယာတွင် စက်ပစ္စည်းများကို မည်သည့်အခါမျှ မထားခဲ့ရ။
    c. ဆော့ဖ်ဝဲ/ဟာ့ဒ်ဝဲပြဿနာ မှန်သမျှကို ကျောင်းသား အကူအညီတောင်းခံရေး ပေါ်တယ်ဖြစ်သော Incident IQ မှတစ်ဆင့် တင်ပြပါ။
    d. စက်ပစ္စည်းကို ကောင်းစွာ ကာကွယ်ပါ။ အသုံးမပြုသောအခါ အပူချိန် ထိန်းညှိထားသော ပတ်ဝန်းကျင်တွင် ထားပါ။
2. ကျွန်ုပ်သည် ကျွန်ုပ်၏ ကျောင်းမှ ထုတ်ပေးထားသော စက်ပစ္စည်းကို အခြားသူများထံ ဘယ်တော့မှ ငှားရမ်းမည်မဟုတ်ပါ။
3. အစားအသောက်များကို စက်ပစ္စည်းနှင့် ဝေးရာတွင်ထားပါ။
4. ကျွန်ုပ်၏ ကျောင်း သို့မဟုတ် မည်သည့်ကျောင်းမှမဆို ထုတ်ပေးထားသည့် စက်ပစ္စည်းများကို ဖြုတ်ခြင်း၊ jail break လုပ်ခြင်း သို့မဟုတ် ဟက်ခြင်းများ မပြုလုပ်ပါ။
5. ကျွန်ုပ်သည် ကျွန်ုပ်၏ ကိရိယာအား ပြန်လည်ပြုပြင်မှု တစ်စုံတစ်ရာ ပြုလုပ်ရန် ကြိုးပမ်းမည် မဟုတ်ပါ။
6. ကျောင်းမှ ထုတ်ပေးထားသည့် စက်ပစ္စည်းကို တစ်ပါတည်းပါသည့် အိတ်တွင် ထည့်ပြီး ကာကွယ်သယ်ဆောင်ပါမည်။
7. ကျောင်းတွင်ဖြစ်စေ၊ အိမ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့်နေရာတွင်ဖြစ်စေ ကျွန်ုပ်၏ ကျောင်းမှ ထုတ်ပေးထားသော စက်ပစ္စည်းကို သင့်လျော်မှုရှိပြီး ကျောင်း၏ မျှော်လင့်ချက်များနှင့် ကိုက်ညီသော နည်းလမ်းများဖြင့် အသုံးပြုပါမည်။ ကျွန်ုပ်၏ စက်ပစ္စည်းကို မသင့်လျော်သော နည်းလမ်းတစ်ခုဖြင့် အသုံးပြုပါက ကျောင်းက စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှု ပြုလုပ်ပါမည်။
8. ကျောင်းမှထုတ်ပေးသော ကိရိယာအပေါ် (စတစ်ကာများ၊ မာကာများ အစရှိသည်တို့) ဆင်ယင်ချယ်သခြင်းများ ကျွန်ုပ် ပြုလုပ်မည် မဟုတ်ပါ။ ကျောင်းမှထုတ်ပေးသော စက်ပစ္စည်းတစ်ခုခုပေါ်ရှိ အမှတ်စဉ်နံပါတ် စတစ်ကာကို ဖျက်ဆီးမည်မဟုတ်ပါ။
9. ကျောင်းမှထုတ်ပေးထားသော စက်ပစ္စည်းကို ကျောင်းမှ အချိန်မရွေး ကြိုတင်အသိမပေးဘဲ ဝင်ရောက်စစ်ဆေးနိုင်သည်ကို နားလည်သိရှိပါသည်။ စက်ပစ္စည်းပေါ်တွင် ကျွန်ုပ် လုပ်ဆောင်သမျှသည်<u>ကျွန်ုပ်တစ်ဦးတည်း </u>သာ သိနိုင်သည့် တစ်ကိုယ်ရည်အချက်အလက်များ မဟုတ်ပါ။
10. ဆရာ/ဆရာမ သို့မဟုတ် ကျွန်ုပ်၏ ကျောင်းမှ လူကြီးတစ်ဦး သို့မဟုတ် ကျွန်ုပ်၏ မိဘ/အုပ်ထိန်းသူမှလွဲ၍ မည်သူနှင့်မျှ ကျွန်ုပ်၏ စကားဝှက်(များ)ကို မျှဝေမည်မဟုတ်ပါ။
11. Chromebooks များသည် DCSD ပိုင် ပစ္စည်းများဖြစ်ပြီး ခရိုင်ကျောင်းမှ နုတ်ထွက်ချိန် နှင့်/သို့မဟုတ် စာသင်နှစ်ကုန်ဆုံးချိန် ကျောင်းမှပြန်လည်သိမ်းယူတောင်းခံချိန်တွင် ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း ကျွန်ုပ်မှ နားလည်သိရှိသည်။
12. အကယ်၍ စက်ပစ္စည်း ထိခိုက်၊ ပျောက်ဆုံး၊ ခိုးယူခံရပါက ကျွန်ုပ်မှ ပေးလျော်ရမည်ကို နားလည်သိရှိသည်။

စက်ပစ္စည်း သုံးစွဲသူ သဘောတူညီချက်နှင့် ကျောင်းသား ကတိပြုမှုတွင် သတ်မှတ်ထားသော စည်းမျဉ်းများကို ကျွန်ုပ် သဘောတူပါသည်။

ကျောင်းသားအမည် (အပြည့်အစုံ ဖော်ပြပါ)- ______________________________

ကျောင်းသား လက်မှတ်- ______________________________ ရက်စွဲ - __________